# ၁၃၈၇-ခုနှစ်၊ (၂၀၂၅) ခုနှစ်

# အစိုးရပါဠိပထမပြန်စာမေးပွဲ

# ပထမငယ်တန်း

# မေးခွန်းနှင့်အဖြေ



✍အရှင်သီလဝံသာလင်္ကာရ(Y.S.O) မျှဝေပူဇော်ပါသည်✍

# **အစိုးရပါဠိပထမပြန်စာမေးပွဲ**

## **၁၃၈၇-ခုနှစ်၊ (၂၀၂၅) ပထမငယ်တန်း။ ။ဘိက္ခုပါတိမောက် မေးခွန်းနှင့်အဖြေ**

---

၁။ **(မေး)** ငလျင်ကြောင့် ကျောင်းပြိုကျသွားပြီးနောက် အလှူရှင်ပေါ် ပေါက်လာ၍ ကျောင်းတော်ကြီးဆောက်လုပ်လိုသောရဟန်း တံခါးရွက် တံခါးပေါင်-စသည်တို့ကို ခိုင်မြဲအောင်စီမံပုံပြ သိက္ခာပုဒ်ကို ပါဠိရေးပါ။

၁။ **(ဖြေ)** **မဟလ္လကဝိဟာရသိက္ခာပုဒ်**

မဟလ္လကံ ပန ဘိက္ခုနာ ဝိဟာရံ ကာရယမာနေန ယာဝ ဒွါရကောသာ အဂ္ဂဠဋ္ဌပနာယ အာလောက-သန္ဓိပရိကမ္မာယ ဒွတ္တိစ္ဆဒနဿ ပရိယာယံ အပ္ပဟရိတေ ဌိတေန အဓိဋ္ဌာတဗ္ဗံ။ တတော စေ ဥတ္တရိ အပ္ပဟရိတေပိ ဌိတော အဓိဋ္ဌဟေယျ၊ ပါစိတ္တိယံ။ (ပါ၊ ၂၅) **(၁၀-မှတ်)**

၂။ **(မေး)** ငလျင်ဘေးတွင် သင်္ကန်းများစွာ အလှူခံရရှိသောရဟန်းသည် ထိုသင်္ကန်းတို့ကို အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ ထားနိုင်ရာနေ့ရက်ပမာဏပြ သိက္ခာပုဒ်ကို အနက်ရေးပါ။

၂။ **(ဖြေ)** **ကထိနသိက္ခာပုဒ်**

ဘိက္ခုနာ၊ ရဟန်းသည်။ နိဋ္ဌိတစီဝရသ္မိံ၊ သင်္ကန်း၌ပြုအပ်သော ပလိဗောဓ ပြီးသည်ရှိသော်။ ကထိနေ၊ ခင်းအပ်သော ကထိန်ကို။ ဥဗ္ဘတသ္မိံ၊ မာတိကာရှစ်ပါးအကြား၌ နှုတ်ခြင်းဖြင့် နှုတ်အပ်ပြီးသည်ရှိသော်။ ဒသာဟပရမံ၊ ဆယ်ရက်အပိုင်းအခြားရှိသော ကာလပတ်လုံး။ အတိရေကစီဝရံ၊ အဓိဋ္ဌာန် ဝိကပ္ပနာပြုသောသင်္ကန်းမှ လွန်သောသင်္ကန်းကို။ ဓာရေတဗ္ဗံ၊ ဆောင်အပ်၏။ တံ၊ ထိုဆယ်ရက်အပိုင်းအခြားရှိသောကာလကို။ အတိက္ကာမယတော၊ လွန်စေသောရဟန်းအား။ နိဿဂ္ဂိယံ၊ သင်္ကန်းဟူသော စွန့်အပ်သောဝတ္ထုရှိသော (ဝါ) စွန့်ခြင်းဝိနည်းကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ (ဝါ) နိဿဂ္ဂိယံ၊ သင်္ကန်းကိုလည်း စွန့်အပ်၏။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်လည်း သင့်၏။

(ဦးဗုဓ်။ ၄၃)**(၁၀-မှတ်)**

**မှတ်ချက်။ ။ မည်သည့်နိဿယဖြင့်ဖြစ်စေ သဒ္ဒါရေးမှန်လျှင် အမှတ်ပြည့်ပေးရန်။**

၃။ **(မေး)** မိုးတွင်းကာလ သုံးဆောင်ဖို့ရာ မိုးရေခံသင်္ကန်း ရှာမှီးနိုင်, ချုပ်ဆိုးနိုင်သော အခါကာလတို့ကို ခွဲခြားဖြေဆို၍၊ ဥဏှသမယ-ပူသောအခါကာလ, ပရိဠာဟသမယ-အိုက်သောအခါကာလတို့ကိုလည်း ခွဲခြား ဖြေဆိုပါ။

၃။ **(ဖြေ)** **ရှာမှီးနိုင်သော အခါကာလ**

နယုန်လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ ၅-လ။ **(၂-မှတ်)**

**ချုပ်ဆိုးနိုင်သော အခါကာလ**

ဝါဆိုလဆန်း ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ ၄-လခွဲ။ (ပါ-၂၀) **(၂-မှတ်)**

**ဥဏှသမယ-ပူသောအခါကာလ**

(နွေဥတု၏နောက်ဆုံးတစ်လခွဲဖြစ်သော) နယုန်လဆန်း ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့ထိ ၁-လခွဲ။

**(၃-မှတ်)**

**ပရိဠာဟသမယ-အိုက်သောအခါကာလ**

(မိုးဥတု၏ပထမဆုံးလဖြစ်သော) ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ ဝါခေါင်လပြည့်နေ့ထိ ၁-လ။

( ပါ။ ၃၉) **(၃-မှတ်)**

**မှတ်ချက်။ ။ လက်သည်းကွင်းစာများ မပါက (၂-မှတ်)သာပေးရန်။**

၄။ **(မေး)** အောက်ပါ ရဟန်းတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်နှင့်တကွ ဖော်ပြခဲ့ပါ။

(က) ရဟန္တာမဟုတ်ပါဘဲ ရဟန္တာဟု ပြောသောရဟန်း။

(ခ) ကာမဂုဏ် မေထုန် လှူချင်ပေးချင်လာအောင် မြှူဆွယ်ပြောဆိုသောရဟန်း။

(ဂ) ထောပတ်ကို ရေခဲသေတ္တာထဲသိမ်း၍ ဆယ်ရက်စားသောရဟန်း။

(ဃ) ကြမ်းတမ်းမိုက်ရိုင်းသောစကား ပြောဆိုသောရဟန်း။

(င) မပင့်ဖိတ် မနာမဖျားဘဲ သဒ္ဓါများ ဆင်းရဲသားအမျိုးတို့၏ ဘောဇဉ်ကို ခံယူဘုဉ်းပေးသော ရဟန်း။

၄။ **(ဖြေ)**

| | | | |
|---|---|---|---|
| (က) ပါရာဇိကအာပတ်၊ | ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ်။ | (ပါ၊ ၄) | **(၂-မှတ်)** |
| (ခ) သံဃာဒိသိသ်အာပတ်၊ | အတ္တကာမပါရိစရိယသိက္ခာပုဒ်။ | (ပါ၊ ၅) | **(၂-မှတ်)** |
| (ဂ) နိဿဂ္ဂိပါစိတ်အာပတ်၊ | ဘေသဇ္ဇသိက္ခာပုဒ်။ | (ပါ၊ ၁၉) | **(၂-မှတ်)** |
| (ဃ) သုဒ္ဓပါစိတ်အာပတ်၊ | ဩမသဝါဒသိက္ခာပုဒ်။ | (ပါ၊ ၂၂) | **(၂-မှတ်)** |
| (င) ပါဋိဒေသနီအာပတ်၊ | တတိယပါဋိဒေသနီယသိက္ခာပုဒ်။ | (ပါ၊ ၄၃) | **(၂-မှတ်)** |

၅။ **(မေး)** ပါတိမောက္ခံ ဥဒ္ဒိသေယျ-၌ ပါတိမောက်အပြားနှင့် ဤ၌ လိုအပ်သော ပါတိမောက်ကို အကြောင်းပြ ဖြေဆို၍၊ ကမ္မဝါစာအပြစ်ဒေါသ(၅)မျိုးတို့တွင် သာဝနာယ ဟာပန-အဓိပ္ပါယ်ကိုလည်း ပြည့်စုံစွာ ဖြေဆိုပါ။

၅။ **(ဖြေ)** **ပါတိမောက်အပြား**

၁။ ဩဝါဒပါတိမောက်

၂။ အာဏာပါတိမောက်။ **(၂-မှတ်)**

**ဤ၌ လိုအပ်သော ပါတိမောက်ကို အကြောင်းပြ**

ဩဝါဒပါတိမောက်ကို ဘုရားရှင်တို့သာ ပြတော်မူကြပါသည်၊ သာဝကတို့ မပြကြပါ။

အာဏာပါတိမောက်ကို သာဝကတို့သာ ပြကြပါသည်၊ ဘုရားရှင်တို့ ပြတော်မမူကြပါ။

ထို့ကြောင့် 'ပါတိမောက္ခံ ဥဒ္ဒိသေယျ'၌ ပါတိမောက်-အရ အာဏာပါတိမောက်ကိုသာ အလိုရှိအပ် ပါသည်။

(၅၊ ၉၃၊ ၉၄) **(၄-မှတ်)**

**သာဝနာယ ဟာပန-အဓိပ္ပါယ်**
အချင်းခပ်သိမ်း ကမ္မဝါစာကို မရွတ်မူ၍ (ဝါ) ကမ္မဝါစာကို လုံးလုံးမရွတ်ဘဲ လေးကြိမ်လုံး ဉတ်ကိုသာ ရွတ်ဆိုခြင်းသည် သာဝနာယ ဟာပန-မည်ပါသည်။

**(တစ်နည်း)** ကမ္မဝါစာအတွင်း၌ အက္ခရာကိုသော်လည်းကောင်း ပုဒ်ကိုသော်လည်းကောင်း မရွတ်ဆိုခြင်း၊ (ရွတ်ဆိုသော်လည်း) မကောင်းသဖြင့် ရွတ်ဆိုခြင်းသည် သာဝနာယ ဟာပန-မည်ပါသည်။
(ဌ၊ ၁၀၆) **(၄-မှတ်)**

၆။ **(မေး)** ဒုတိယပါရာဇိကသိက္ခာပုဒ်၌ အရည-မည်သော အရပ်ဒေသကို ဖော်ပြ၍၊ ဒုတိယပါရာဇိကသိက္ခာပုဒ်၌ အဘယ့်ကြောင့် ပရိယာယ်စကားဖြင့် အာပတ်မှလွတ်၍ တတိယပါရာဇိကသိက္ခာပုဒ်၌ အဘယ့်ကြောင့် ပရိယာယ်စကားဖြင့် အာပတ်မှ မလွတ်သည်ကိုလည်း ဖြေဆိုပါ။

၆။ **(ဖြေ) ဒုတိယပါရာဇိကသိက္ခာပုဒ်၌ အရည-မည်သော အရပ်ဒေသ**
ဂါမ, ဂါမူပစာရ (ဝါ) ရွာ, ရွာ၏ဥပစာမှ ကြွင်းကျန်သောအရပ်ဒေသ။ (ဌ၊ ၁၁၅) **(၂-မှတ်)**

**ဒုတိယပါရာဇိက သိက္ခာပုဒ်၌ ပရိယာယ်စကားဖြင့် အာပတ်မှလွတ်ပုံ**
အဒိန္နာဒါနေ အာဒိယေယျ-ဟူ၍ ဟောတော်မူသောကြောင့်
ဒုတိယပါရာဇိကသိက္ခာပုဒ်၌ ပရိယာယ်စကားဖြင့် အာပတ်မှ လွတ်ပါသည်။ (ဌ၊ ၁၂၂) **(၄-မှတ်)**

**တတိယပါရာဇိကသိက္ခာပုဒ်၌ ပရိယာယ်စကားဖြင့် အာပတ်မှ မလွတ်ပုံ**
သံဝဏ္ဏေယျ-ဟူ၍ ဟောတော်မူသောကြောင့်
တတိယပါရာဇိကသိက္ခာပုဒ်၌ ပရိယာယ်စကားဖြင့် အာပတ်မှ မလွတ်ပါ။ (ဌ၊ ၁၂၂) **(၄-မှတ်)**

## **အစိုးရပါဠိပထမပြန်စာမေးပွဲ**

**၁၃၈၇-ခုနှစ်၊ (၂၀၂၅) ပထမယော်တန်း။ ။ဓမ္မပဒ မေးခွန်းနှင့်အဖြေ**

---

၁။ **(မေး)** "မြင်မြင်သမျှ ချော, လိုချင်စရာက ပေါသော ခေတ်ကြီး"ဝယ် ကျောက်တောင်ကြီးပမာ စိတ်ဓာတ်ခိုင်မာမှုရှိကြစေရန် လမ်းညွှန်ဆုံးမ ဟောပြထားသော ဂါထာတော်ကို ပါဠိရေးပါ။

၁။ **(ဖြေ)** (က) အသုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု သုသံဝုတံ။
ဘောဇနမှိ စ မတ္တညုံ၊ သဒ္ဓံ အာရဒ္ဓဝီရိယံ။
တံ ဝေ နပ္ပသဟတိ မာရော၊ ဝါတော သေလံဝ ပဗ္ဗတံ။ (ဓံ-ပ-၄၇) **(၁၀-မှတ်)**

၂။ **(မေး)** ဗာလဝဂ်လာ မီးခဲပြာဖုံးနေသည့်ပမာ ဒုစရိုက်လုပ်တုန်း တပြုံးပြုံးနှင့် ပြုံးပျော်နေသူများအတွက် အပျော်ကြူးဖို့ရန် မသင့်ကြောင်းကို သတိပေးဟောကြားထားသော ဂါထာတော်ကို အနက်ပေးပြပါ။

၂။ **(ဖြေ)** သဗ္ဗုခီရံ၊ ညှစ်ခါစဖြစ်သော နို့ရည်သည်။ န မုစ္စတိ ဣဝ၊ ပကတိသဘောကို လျင်စွာမစွန့်သကဲ့သို့။ ဟိ၊ ထို့အတူ။ ကတံ၊ ပြုဆဲဆဲသော။ ပါပကမ္မံ၊ မကောင်းမှု အကုသိုလ်ကံသည်။ န ဝိပစ္စတိ၊ အကျိုးမပေးသေး။ တံ ပါပံ၊ ထိုမကောင်းမှုကံသည်။ ဗာလံ၊ လူမိုက်ကို။ ဍဟံ (ဍဟန္တော)၊ ပူလောင်စေသည်ဖြစ်၍၊ အန္ဒေတိ၊ အစဉ်လိုက်၏။ ယထာ၊ အဘယ်ကဲ့သို့နည်း။ ဘသ္မာ၊ ပြာဖြင့်။ ဆန္နော၊ ဖုံးလွှမ်းအပ်သော။ ပါဝကော၊ မီးသည်။ အက္ကန္တဇနံ၊ နင်းသောသူကို။ ဍဟံ (ဍဟန္တော)၊ လောင်လျက်။ အန္ဒေတိ ဣဝ၊ အစဉ်လိုက်သကဲ့သို့တည်း။ (ဓံ-၃၂၃)**(၁၀-မှတ်)**
**မှတ်ချက်။ မည်သည့်နိဿယဖြင့်မဆို သဒ္ဒါနည်းမှန်ပါက အမှတ်ပြည့်ပေးရန်။**

၃။ **(မေး)** အပ္ပမာဒဝဂ်လာ ကိလေသာရေလှိုင်းတံပိုး လွှမ်းမိုးမခံလိုသောပုဂ္ဂိုလ်တို့ မဖြစ်မနေ လက်ကိုင်ထားရမည့် တရား(၄)မျိုးကို ဖော်ပြ၍၊ စိတ္တဝဂ်လာ လက်နက်ကိုင်ရန်သူများထက် ကြောက်စရာကောင်းသောအရာ, ဗာလဝဂ်လာ ပြောင်လိမ်ပြောင်စား ညာသမားများ ပျားသကာလို ချိုမြသောအခါတို့ကိုလည်း တိကျစွာ ဖြေဆိုပါ။

၃။ **(ဖြေ)** **တရား (၄) မျိုးကား-**
၁။ လုံ့လ ဝီရိယ။ ၂။ မမေ့မလျော့ခြင်း အပ္ပမာဒ။
၃။ စောင့်စည်းမှု သီလ။ ၄။ ဣန္ဒြေကို ဆုံးမမှု ဒမ။ (ဓံ-၁၆၂) **(၄-မှတ်)**

**လက်နက်ကိုင်ရန်သူများထက် ကြောက်စရာကောင်းသောအရာ-**
မိစ္ဆာပဏိဟိတစိတ် (မှားယွင်းစွာ ထားအပ်သောစိတ်)ဖြစ်ပါသည်။ (ဓံ-၂၀၆) **(၃-မှတ်)**

**ပြောင်လိမ်ပြောင်စား ညာသမားများ ပျားသကာလို ချိုမြသောအခါ-**
မကောင်းမှုအကျိုးကို မခံစားရသေးသောအခါ ဖြစ်ပါသည်။ (ဓံ-၃၁၂) **(၃-မှတ်)**

၄။ **(မေး)** ပုပ္ဖဝဂ်လာ မြေစကားပြောနေကြသော ရဟန်းတော်တို့အား ဗုဒ္ဓဟောကြား မြေတရားတော်လာ အမေးအဖြေတို့တွင် နောက်ဆုံးအမေးအဖြေကို ဖြေဆို၍၊ ဧဝမေတံ အဘိညာယ-၌ (က) သိထား ရမည့်အရာ, (ခ) ရှောင်ကြဉ်ရမည့်အရာ, (ဂ) ကျင့်သုံးရမည့်အရာတို့ကိုလည်း တိကျစွာ ဖြေဆိုပါ။

၄။ **(ဖြေ)** **အမေး-** ဣွမ်းကျင်သော ပန်းသည်သည် ပန်းကို ရွေးချယ်စိစစ်နိုင်သကဲ့သို့ ကောင်းစွာ ဟောအပ်သော တရားအစုကို အဘယ်သူသည် သိနိုင်အံ့နည်း။ **(၂-မှတ်)**

**အဖြေ-** ဣွမ်းကျင်သော ပန်းသည်သည် ပန်းကို ရွေးချယ်စိစစ်နိုင်သကဲ့သို့ ကောင်းစွာ ဟောအပ်သော တရားအစုကို သေက္ခပုဂ္ဂိုလ်သည် သိနိုင်ပါလိမ့်မည်။ (ခံ-၂၁၂) **(၂-မှတ်)**

**(က) သိထားရမည့်အရာ-**

လာဘ်ရကြောင်းအကျင့်သည် နိဗ္ဗာန်ရောက်ကြောင်းအကျင့်မှ တမျိုးတခြားသာ ဖြစ်သည်၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်သည်လည်း လာဘ်ရကြောင်းအကျင့်မှ တမျိုးတခြားသာ ဖြစ်သည်- ဟု သိထားရပါမည်။ **(၂-မှတ်)**

**(ခ) ရှောင်ကြဉ်ရမည့်အရာ-**

လာဘသက္ကာရ လိုလားနှစ်သက်မှုကို ရှောင်ကြဉ်ရမည်။ **(၂-မှတ်)**

**(ဂ) ကျင့်သုံးရမည့်အရာ-**

ဝိဝေကတရားကို တိုးပွားအောင် ကျင့်သုံးရမည်။ (ခံ-၃၄၄) **(၂-မှတ်)**

၅။ **(မေး)** 'အောင်ပြီ အောင်ပြီ'ဟု အောင်သံပေး ကြွေးကြော်သူနှင့် ယင်းစကား မကြိုက်သူတို့ကို ဖော်ပြ၍၊ မေတ္တာသုတ် ရွတ်ဖတ်ပူဇော်ခြင်းကြောင့် လက်ငင်းရရှိသော ကောင်းကျိုးများကိုလည်း ပဥ္စသတဘိက္ခုဝတ္ထုလာသည့်အတိုင်း ဖြေဆိုပါ။

၅။ **(ဖြေ)** **ကြွေးကြော်သူ-** ကုဒါလပဏ္ဍိတ (ပေါက်တူးဆရာ)။ **(၂-မှတ်)**

**မကြိုက်သူ-** မင်း (ဗာရာဏသီမင်း) ။ (ခံ-၁၉၈) **(၂-မှတ်)**

**မေတ္တာပွားသူ လက်ငင်းအကျိုး-**

၁။ ခရီးဦးကြိုဆို၍ သပိတ်သင်္ကန်းခံယူနိုင်ရန် ပန်ကြားကြခြင်း။
၂။ လက်ခြေဆုပ်နယ်မှုကို ပန်ကြားကြခြင်း။
၃။ ထိုထိုအရပ်တို့၌ စောင့်ရှောက်ကြခြင်း။
၄။ ကျက်ပြီး အခိုးကင်းသော ဆီကဲ့သို့ ညီညွတ်ကြခြင်း။
၅။ မည်သည့်အရပ်၌မျှ တစ္ဆေဘီလူးတို့အသံ မကြားရခြင်း။
၆။ ရဟန်းတို့စိတ်များ တည်ကြည်လာကြခြင်း။ (ခံ- ၂၀၁) **(၆-မှတ်)**

၆။ **(မေး)** တစ်ကိုယ်စာကောင်းစားရေးအတွက် အများသူငါ အသက်များစွာကို စတေးခြင်းက သင့်/မသင့် အညတရပုရိသဝတ္ထု ရှု၍ စိစစ်ပြကာ၊ "ဒီဃော ဗာလာန သံသာရော" "ဗာလော ဘုဥ္စေယျ ဘောဇနံ" တို့၌ "ဗာလ"ခေါ်ပုံတို့ကိုလည်း တိကျစွာ ဖြေဆိုပါ။

၆။ **(ဖြေ)** **အများသူငါ အသက်များစွာကို စတေးခြင်းက သင့်/မသင့်ကား**

ကောသလမင်းသည် အသက်အန္တရာယ်မှ ချမ်းသာဖို့ရန် သဗ္ဗသတယဇ်ခေါ် သတ္တဝါပေါင်းများစွာ၏ အသက်ကို သတ်ပြီး ယဇ်နတ်ပူဇော်ရန် စီမံနေသည်ကို မလ္လိကာမိဖုရား သိရသောအခါ ဘုရားရှင်ထံ သွား၍ အကျိုးအကြောင်း လျှောက်ထားသော် ဘုရားရှင်က "ကိုယ်ကောင်းစားရေး ငဲ့ကွက်ကာ အသက်များစွာကို သက်ဖြတ်ရန် လုံးဝမသင့်ကြောင်းနှင့် သတ်ဖြတ်မိခဲ့သော် နေ့ရောညပါ စိုးရိမ် ပူပန်မှုများစွာဖြင့် နေရနိုင်ကြောင်း" ဟောကြားတော်မူခဲ့သည်ကို ထောက်၍ တစ်ကိုယ်စာ ကောင်းစားရေးအတွက် အများသူငါ အသက်များစွာကို စတေးခြင်းက လုံးဝ မသင့်တော်ပါ။

(ခံ-၂၉၂) **(၄-မှတ်)**

**ဒီဃော ဗာလာန သံသာရော-၌ "ဗာလ"ခေါ်ပုံကား**

ပစ္စုပ္ပန်ဘဝအကျိုး နောင်တမလွန်ဘဝအကျိုးကို မသိကုန်သော, သံသရာဝဋ်၏ အဆုံးကို ပြုခြင်းငှာ မစွမ်းနိုင်ကုန်သောသူတို့ကို ဗာလ-ဟု ခေါ်ပါသည်။ (ခံ-၂၈၉) **(၃-မှတ်)**

**ဗာလော ဘုဥ္စေယျ ဘောဇနံ-၌ "ဗာလ"ခေါ်ပုံကား**

ပိုင်းခြား၍ သိအပ်သော တရားမရှိသော သီလ-စသော ဂုဏ်တို့မှ အပဖြစ်သော တိတ္ထိတို့ဘောင်၌ ရဟန်းပြုသောသူကို ဗာလ-ဟု ခေါ်ပါသည်။ (ခံ-၃၁၉) **(၃-မှတ်)**

# အစိုးရပါဠိပထမပြန်စာမေးပွဲ

## ၁၃၈၇–ခုနှစ်၊ (၂၀၂၅) ပထမယော်တန်း။ ။ကစ္စည်းသဒ္ဒါကြီး မေးခွန်းနှင့်အဖြေ

၁။ **(မေး)** အောက်ပါတို့ကို သုတ်, ဝုတ္တိ, ဥဒါဟရုဏ် ကုန်စင်အောင် ပါဠိရေးပြပါ။
(က) နာမ်ကျမ်းလာ အကာရန္တနောင် သိ-ဝိဘတ်ကို ဩ-ပြုသောသုတ်။
(ခ) ကာရကကျမ်းလာ အပါဒါနကာရက၌ ပဉ္စမီဝိဘတ်သက်သောသုတ်။

၁။ **(ဖြေ)** **(က) သော**
တသ္မာ အကာရတော သိဝစနဿ ဩကာရာဒေသော ဟောတိ။
သဗ္ဗော၊ ယော၊ သော၊ ကော၊ အမုကော၊ ပုရိသော။
သီတိ ကိမတ္ထံ? ပုရိသာနံ။
အတောတိ ကိမတ္ထံ? သယမ္ဘူ။ (ကစ္စည်း၊ ၈၀) **(၆-မှတ်)**

**(ခ) အပါဒါနေ ပဉ္စမီ**
အပါဒါနကာရကေ ပဉ္စမီဝိဘတ္တိ ဟောတိ။
ပါပါ စိတ္တံ နိဝါရယေ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ၊ ဘယာ မုစ္စတိ သော နရော။
(ကစ္စည်း၊ ၁၅၅) **(၄-မှတ်)**

၂။ **(မေး)** အောက်ပါတို့ကို မှန်ကန်စွာ အနက်ပေးပြပါ။
(က) ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ။
(ခ) တဿ ကုစ္ဆို မဟာဝီရ။
(ဂ) ဥပ ခါရိယံ ဒေါဏော။
(ဃ) အညေသု စ။

၂။ **(ဖြေ)** **(က)** ယေ၊ အကြင်သူတို့သည်။ ဒိဝါ စ၊ နေ့၌လည်းကောင်း။ ရတ္တော စ၊ ညဉ့်၌လည်းကောင်း။ ဗလိံ၊ ပူဇော်ဖွယ်ကို။ ဟရန္တိ၊ တင်မြှောက်ပူဇော်ကြကုန်၏။
(ကစ္စည်း၊ ၆၆) (သပြေ၊ ပ၊ ၂၂၈) **(၃-မှတ်)**

**(ခ)** မဟာဝီရ၊ ကြီးသောလုံ့လရှိသောရှင်ရသေ့။ တဿ၊ ထိုကလာဗုမင်းအား။ ကုစ္ဆို၊ အမျက်ထွက်တော်မူပါ။ (ကစ္စည်း၊ ၁၄၄) (သပြေ၊ ပ၊ ၅၆၀) **(၂-မှတ်)**

**(ဂ)** ဒေါဏော၊ (လေးပြည်ရှိ)စိတ်သည်။ ခါရိယံ၊ (လေးတင်းရှိ)တို့ထက်။ ဥပ၊ လွန်၏။
**(တနည်း)** ခါရိယံ၊ တစ်တို့၌၊ (ဝါ)တစ်တို့၏။ ဥပ၊ ပိုလွန်သော။ ဒေါဏော၊ တစ်စိတ်။
(ကစ္စည်း၊ ၁၆၁)(သပြေ၊ ပ၊ ၆၇၂)(ဘာဋီ၊ ပ၊ ၄၄၆) **(၂-မှတ်)**

**(ဃ)** အညေသု စ၊ ကာရိတ်ပစ္စည်းမှ တစ်ပါးသောပစ္စည်းတို့ကြောင့်လည်း။ အသံယောဂန္တာနံ၊ သံယုဂ်အဆုံးမရှိသောဓာတ်တို့၏။ ဝုဒ္ဓိ၊ ဝုဒ္ဓိအပြုသည်။ ဟောတိ၊ ၏။
(ကစ္စည်း၊ ၂၄၂) (အခြေပြု၊ ၂၅၃) (သပြေ၊ ဒု၊ ၅၄၉) **(၃-မှတ်)**

**မှတ်ချက်။ ။မည်သည့်နိဿယဖြင့်မဆို သဒ္ဒါရေးမှန်လျှင် အမှတ်ပြည့်ပေးရန်။**

၃။ **(မေး)** စတ္တာရိဋ္ဌာနာနိ-ကို ပုဒ်ဖြတ်၍၊ သော မံ ဖြဝီတိ-၌ မံ-ကို နာမ်ရုပ်၊ ဖြဝီတိ-ကို အာချာတ်ရုပ်ကျဉ်း တွက်ပြီးလျှင်၊ သံယော-ကိုလည်း ဓာတု, ပစ္စယ ဝေဘန်ပြပါ။

၃။ **(ဖြေ)** **စတ္တာရိဋ္ဌာနာနိ**-ကို **စတ္တာရိ+ဌာနာနိ**-ဟု ပုဒ်ဖြတ်။ (ကစ္စည်း၊ ၅၀)(သပြေ၊ ပ၊ ၁၃၇)**(၁-မှတ်)**

**မံ-ကို နာမ်ရုပ် တွက်ပုံ**

မံ-ကို အမှ-တည်၊ ဒုတိယာဧကဝုစ် အံ-သက်။

**(**တေမေကဝစနေသု စ-သုတ်ဖြင့် ဒုတိယာဧကဝုစ် ဝိဘတ်ကြောင့် သော-ဟူသောပုဒ်မှ နောက်ဖြစ်သော အမှ-သဒ္ဒါကို ဝိဘတ်နှင့်တကွ မေ-ပြုလိုလတ်သော်-

န အမှိ-သုတ်ဖြင့် အံ-ဝိဘတ်ကြောင့် ပုဒ်မှနောက်ဖြစ်သော အမှ-သဒ္ဒါကို ဝိဘတ်နှင့်တကွ မေ-အပြု မဖြစ်ဟု မြစ်သောကြောင့် မပြုရ။**)**

တံ မမမှိ-သုတ်ဖြင့် အံ-ဝိဘတ်ကြောင့် အမှ-သဒ္ဒါကို ဝိဘတ်နှင့်တကွ မံ-ပြု၊ မံ-ကား ပြီး၏။

(ကစ္စည်း၊ ၉၆) (သပြေ၊ ပ၊ ၃၆၄) **(၃-မှတ်)**

**မှတ်ချက်။ လက်သည်းကွင်းအတွင်းရှိ စာများမပါဘဲ ရုပ်တွက်လျှင် (၂-မှတ်သာ) ပေးရန်။**

**ဖြဝီတိ-ကို အာချာတ်ရုပ်ကျဉ်း တွက်ပုံ**

ဖြဝီတိ-ကို ဗြူ-တည်၊ ဗြူ-ဝိယတ္တိယံ ဝါစာယံ-ပီပြင်စွာပြောဆိုအပ်သောစကား၌၊ ဝတ္တတိ- ဖြစ်၏၊ ဣတိအတွေ-ဤသို့သောအနက်၌၊ ဓာတ်အမည်မှည့်၊ တိ-ဝိဘတ်သက်။

ဗြူတော ဤ တိမှိ-သုတ်ဖြင့် တိ-ဝိဘတ်ကြောင့် ဗြူ-ဓာတ်နောင် ဤ-အက္ခရာလာ။

အညေသု စ-သုတ်ဖြင့် ဦ-ကို ဩ-ဝုဒ္ဓိပြု။

ဩ အဝ သရေ-သုတ်ဖြင့် ဩ-ကို အဝ်-ပြု။

ဝ်-ကို ဳ-သို့ကပ်၊ ဖြဝီတိ-ပြီး၏။ (ကစ္စည်း၊ ၂၅၁)(သပြေ၊ ဒု၊ ၅၈၂) **(၄-မှတ်)**

**သံယော**-သည် သံ-ပုဗ္ဗ **ဟန**-ဓာတ်၊ **ရ**-ပစ္စည်း။ (ကစ္စည်း၊ ၂၅၉) (သပြေ၊ တ၊ ၃၈) **(၂-မှတ်)**

၄။ **(မေး)** တဗ္ဗိပရီတူပပဒေ ဗျဉ္ဇနေ စ-သုတ်၌ တဗ္ဗိပရီတ-အရ ယူရမည့် အက္ခရာကို ဖြေဆို၍၊ အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ-၌ ဓမ္မဿ-၏ ဝိဘတ်အနက်, ဝိဘတ်သက်သုတ်တို့ကို ပြည့်စုံစွာ ဖော်ပြပြီးလျှင်၊ ယင်းဓမ္မ-သဒ္ဒါကို ပဥ္စမီဝိဘတ်ဖြင့် နာမပဒမာလာ စဉ်ခဲ့ပါ။

၄။ **(ဖြေ)** **တဗ္ဗိပရီတ-အရ ယူရမည့်အက္ခရာ**

ဩ-၏ဝိပရိတ် ဥ-အက္ခရာကို ယူရပါမည်။ (ကစ္စည်း၊ ၆၉) **(၃-မှတ်)**

**ဓမ္မဿ-၏ ဝိဘတ်အနက်ကား**- ဒုတိယာအနက်, ပဥ္စမီအနက်။ **(၂-မှတ်)**

**ဝိဘတ်သက်သောသုတ်**- ဒုတိယာပဥ္စမီနဉ္စ-သုတ်။ (ကစ္စည်း၊ ၁၅၉) **(၁-မှတ်)**

**ဓမ္မ-သဒ္ဒါကို ပဥ္စမီဝိဘတ်ဖြင့် နာမပဒမာလာ စဉ်ပုံ**

ဓမ္မသ္မာ, ဓမ္မမှာ, ဓမ္မာ၊ ဓမ္မေဟိ, ဓမ္မေဘိ။ (ကစ္စည်း၊ ၁၅၉) (အခြေပြုတွဲ၊ ၄၅) **(၄-မှတ်)**

၅။ **(မေး)** ဂေါ သရေ ပုထသာဂမော ကွစိ-သုတ်၌ ဂ-လာရာဌာနကို အကြောင်းပြ ဖြေဆို၍၊ စျလသညာနှင့် ပသညာတို့၏ အထူးကို ရေးကာ၊ တွာဒိပစ္စယန္တပုဒ်များ ရုပ်နေကွဲပြားမှု ရှိ/မရှိကိုလည်း အကြောင်းပြ ဆုံးဖြတ်ပါ။

၅။ **(ဖြေ)** **ဂ-လာရာဌာန**

သရေ-ဟူသောနိမိတ်နှင့် နီးသောကြောင့် ပုထ-နိပါတ်၏အဆုံး၌ ဂ-လာရပါသည်။
(ရူ၊ ၁၈) **(၃-မှတ်)**

**စျလသညာနှင့် ပသညာတို့၏ အထူး**

စျလသညာကို ကုဗ္ဗန္တိ-စသောအာချာတ်၊ ကုဗ္ဗန္တော ပုလ္လိင်္ဂ-စသော ပုံလိင်၏အလယ်၊ ပုံလိင်, နပုံလိင် နှစ်လိင်တို့၏အဆုံးတို့၌ အမည်မှည့်ရသည်။
ပသညာကို ဣတ္ထိလိင်၏အဆုံး၌ အမည်မှည့်ရသည်၊ ဤသို့ထူးခြားပါသည်။ (ရူ၊ ၁၇) **(၄-မှတ်)**

**တွာဒိပစ္စယန္တပုဒ်များ ရုပ်နေကွဲပြားမှု ရှိ/မရှိ**

ရုပ်နေကွဲပြားမှု မရှိပါ။ **(၁-မှတ်)**
အကြောင်းကား- အလိင်ဖြစ်သောကြောင့်လည်းကောင်း၊ နိပါတ်ပုဒ် ဖြစ်သောကြောင့်လည်းကောင်း လိင်သုံးပါး ဝုစ်နှစ်ပါးတို့၌ ရုပ်နေကွဲပြားမှု မရှိပါ။ (ရူ၊ ၁၂၀) **(၂-မှတ်)**

၆။ **(မေး)** အောက်ပါတို့ကို ပုဒ်စစ်, သုတ်စစ်ကျမ်းလာသည့်အတိုင်း ရေးခဲ့ပါ။
(က) သရဝိကာရသန္ဓိ။ (ခ) အာဝတ္တိကနာမ်။ (ဂ) အနွတ္ထသညာသုတ်။

၆။ **(ဖြေ)** **(က) သရဝိကာရသန္ဓိ**

သရကို သရပြုသော သန္ဓိသည် သရဝိကာရသန္ဓိမည်၏။
ပြယုဂ်ကား "နောပေတိ "တည်း။ ဤသန္ဓိသည် ဥ-သရကို ဩ-သရပြုသောကြောင့် သရဝိကာရသန္ဓိ မည်၏။ (ပုဒ်စစ်၊ ၁၂) **(၃-မှတ်)**

**(ခ) အာဝတ္တိကနာမ်**

အခိုက်အတန့်ကို စွဲ၍ဖြစ်သော နာမ်သည် အာဝတ္တိကနာမ် မည်၏။
ပြယုဂ်ကား "ဝဋ္ဋော"တည်း။ ဝဋ္ဋော၊ နွားငယ်။ ဤသည် ငယ်သောအခိုက်အတန့်ကို စွဲ၍ ဖြစ်သော ကြောင့် အာဝတ္တိကနာမ် မည်၏။ (ပုဒ်စစ်၊ ၂၄) **(၄-မှတ်)**

**(ဂ) အနွတ္ထသညာသုတ်**

အနက်ကို အစဉ်လိုက်သော အမည်ကို ပြသောသုတ်သည် အနွတ္ထသညာသုတ် မည်၏။
ပြယုဂ်ကား "အက္ခရာပါဒယော ဧကစတ္တာလီသံ"အစရှိသည်တည်း။
(ပုဒ်စစ်၊ ၁၆၈) **(၃-မှတ်)**

---

၁။ **(မေး)** "စာတက်စာပြန် နေ့စဉ်မှန် ပြုရန်ပရိယတ္တိသာသနာ"အရ ပရိယတ္တိသာသနာပြု စာဖြေရှင်များ ပီသစွာ
(က) အဟိတ်စိတ်(၁၈)ပါးကို ဝီထိစဉ်အားလျော်စွာ စဉ်ပုံပြပါဠိ။
(ခ) ကာမဇောနောင် အပ္ပနာဇောစောပုံပြ စုဏ္ဏိယပါဠိကို ရေးသားဖြေဆိုပါ။

၁။ **(ဖြေ)** **(က) အဟိတ်စိတ်(၁၈)ပါးကို ဝီထိစဉ်အားလျော်စွာ စဉ်ပုံပြပါဠိ-**
တတ္ထ ပဉ္စဒွါရာဝဇ္ဇန ဒွိပဉ္စဝိညာဏသမ္ပဋိစ္ဆနသန္တီရဏဝေါဋ္ဌဗ္ဗနဟသနဝသေန အဋ္ဌာရသ အဟေတုက-
စိတ္တာနိ နာမ။ (သင်္ဂဟ၊ ၄၀) **(၄-မှတ်)**

**(ခ) ကာမဇောနောင် အပ္ပနာဇောစောပုံပြ စုဏ္ဏိယပါဠိ-**
တတ္ထ သောမနဿသဟဂတဇဝနာနန္တရံ အပ္ပနာပိ သောမနဿသဟဂတာဝ ပါဋိကင်္ခိတဗ္ဗာ
ဥပေက္ခာသဟဂတဇဝနာနန္တရံ ဥပေက္ခာသဟဂတာဝ။ **(၃-မှတ်)**

တတ္ထာပိ ကုသလဇဝနာနန္တရံ ကုသလဇဝနဉ္စေဝ ဟေဋ္ဌိမဉ္စ ဖလတ္တယမပ္ပေတိ၊ ကိရိယဇဝနာနန္တရံ
ကိရိယဇဝနံ အရဟတ္တဖလဉ္စာတိ။ (သင်္ဂဟ၊ ၆၀) **(၃-မှတ်)**

၂။ **(မေး)** "ပါဠိမြင်နက်ထင် စာဖြေရှင် နှစ်စဉ်အောင်ပွဲဆင်ရမည်"ဟု အဓိဋ္ဌာန်ပြုသည်နှင့်ညီစွာ အောက်ပါ
တို့ကို အနက်ပေးပါ။
(က) အာဟာရ-က ရုပ်ကို ဖြစ်စေပုံပြပါဠိ။ (ခ) လောကုတ္တရာ ဣန္ဒြေ(၃)ပါး တရားကိုယ်ပြပါဠိ။

၂။ **(ဖြေ)** **(က) အာဟာရ-က ရုပ်ကို ဖြစ်စေပုံပြပါဠိကို အနက်ပေးပုံ**
ဩဇာသင်္ခါတော၊ ဩဇာဟုဆိုအပ်သော။ အာဟာရော၊ အာဟာရသည်။ အာဟာရသမုဋ္ဌာနရူပံ၊
အာဟာရကြောင့်ဖြစ်သောရုပ်ကို။ အဇ္ဈောဟရဏကာလေ၊ မျိုသောကာလ၌။ ဌာနပတ္တော၀၊ ဌီသို့
ရောက်သည်ဖြစ်၍သာလျှင်။ (အဇ္ဈတ္တိကသန္တာနေ၊ အဇ္ဈတ္တိကသန္တာန်၌)။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။
(သင်္ဂဟ၊ ၉၈) (ဗား-၁၉၅) **(၄-မှတ်)**

**(ခ) လောကုတ္တရာ ဣန္ဒြေ(၃)ပါး တရားကိုယ်ပြပါဠိကို အနက်ပေးပုံ**
ပန၊ အထူးကိုဆိုအံ့။ ဧတ္ထ၊ ဤမိဿကသင်္ဂဟ၌။ ဣန္ဒြိယေသု၊ ဣန္ဒြေတို့တွင်။ သောတာပတ္တိမဂ္ဂ-
ဉာဏံ၊ သောတာပတ္တိမဂ်ဉာဏ်ကို။ အနညာတညဿာမီတိန္ဒြိယံ၊ အနညာတညဿာမီတိန္ဒြေဟူ၍။
ပဝုစ္စတိ၊ အပြားအားဖြင့် မိန့်အပ်၏။ **(၂-မှတ်)**
အရဟတ္တဖလဉာဏံ၊ အရဟတ္တဖိုလ်ဉာဏ်ကို။ အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒြေဟူ၍။ ပဝုစ္စတိ၊
အပြားအားဖြင့် မိန့်အပ်၏။ **(၂-မှတ်)**
မဇ္ဈေ၊ အလယ်၌။ ဆ ဉာဏာနိ၊ ခြောက်ပါးသောဉာဏ်တို့ကို။ အညိန္ဒြိယာနီတိ၊ အညိန္ဒြေတို့ဟူ၍၊
ပဝုစ္စန္တိ၊ အပြားအားဖြင့် မိန့်အပ်ကုန်၏။ (သင်္ဂဟ၊ ၁၁၆) (ဗား-၂၂၅) **(၂-မှတ်)**
**မှတ်ချက်။ မည်သည့်နိဿယဖြင့်မဆို သဒ္ဒါရေးမှန်လျှင် အမှတ်ပေးရန်။**

၃။ **(မေး)** "စာသင်ပျိုနု အခြေပြု သရုပ်ပိုင်အောင်စု"ဟူသည်နှင့်အညီ အောက်ပါတို့ကို ဖြေဆိုပါ။
(က) မာန, ထိနမိဒ္ဓ နှစ်ပါးစုံယှဉ်သောစိတ်။
( ခ ) ဝိရတီစေတသိက်(၃)ပါး တပြိုင်နက်ယှဉ်သောစိတ်။
( ဂ ) အပ္ပမညာနှင့်သာယှဉ်၍ ပီတိနှင့်မယှဉ်သော မဟဂ္ဂုတ်စိတ်။
(ဃ) အကုသိုလ်စိတ်အားလုံးနှင့်ယှဉ်သော အကုသိုလ်စေတသိက်။
( င ) သောဘနစိတ်အားလုံးနှင့်ယှဉ်သော သောဘနစေတသိက်။

၃။ **(ဖြေ)** (က) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်။ (သင်္ဂဟ၊ ၂၃) **(၂-မှတ်)**
( ခ ) လောကုတ္တရာစိတ် ၈-ပါး။ (သင်္ဂဟ၊၂၄) **(၂-မှတ်)**
( ဂ ) မဟဂ္ဂုတ်စတုတ္ထဈာန်စိတ် ၃-ပါး။ (သင်္ဂဟ၊၂၉) **(၂-မှတ်)**
(ဃ) မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ-ဟူသောအကုသလသာဓာရဏစေတသိက် ၄-ခု။
(သင်္ဂဟ၊ ၂၃၊ ၃၄) **(၂-မှတ်)**
( င ) သောဘနသာဓာရဏစေတသိက် ၁၉-ပါး။ (သင်္ဂဟ၊ ၂၄) **(၂-မှတ်)**

၄။ **(မေး)** (က) သုံးကိစ္စ သုံးဌာနတပ်သောစိတ်၊( ခ ) မနောဒွါရ၌ ဖြစ်သောစိတ်၊ ( ဂ ) ဟဒယဝတ္ထုကိုသာ ဧကန်မှီသောစိတ်တို့ကို ဖော်ပြပါ။

၄။ **(ဖြေ)** **(က) သုံးကိစ္စ သုံးဌာနတပ်သောစိတ် သရုပ်-**
မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါး။ (သင်္ဂဟ၊ ၄၃) **(၂-မှတ်)**

**(ခ) မနောဒွါရ၌ ဖြစ်သောစိတ် သရုပ်-**
မနောဒွါရာဝဇ္ဇန်း၊ ဇော ၅၅-ခု၊ တဒါရုံ ၁၁-ခု ပေါင်း ၆၇-ပါး။ (သင်္ဂဟ၊ ၄၅) **(၃-မှတ်)**

**(ဂ) ဟဒယဝတ္ထုကိုသာ ဧကန်မှီသောစိတ် သရုပ်-**
ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏစိတ် ၃-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ ဒေါသမူ ဒွေး၊ သောတာ-
ပတ္တိမဂ်စိတ်တစ်ခု၊ ဟသိတုပ္ပါဒ်၊ ရူပစိတ် ၁၅-ခု၊ ပေါင်း (၃၃)ပါး။ (သင်္ဂဟ၊ ၅၃) **(၅-မှတ်)**

၅။ **(မေး)** (က) ဝီထိစိတ္တာနိ သတ္တေဝ-ဝယ် သတ္တ-အရ။ ( ခ ) သုဒ္ဓါဝါသ(၅)ဘုံ။ ( ဂ ) ကမ္မဇရုပ်(၁၈)ပါးတို့ကို အသီးအသီး သရုပ်ထုတ်ပြပါ။

၅။ **(ဖြေ)** **(က) သတ္တ-အရ**
ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံတို့ ဖြစ်ပါသည်။
(သင်္ဂဟ-၅၉) **(၃-မှတ်)**

**(ခ) သုဒ္ဓါဝါသ ၅-ဘုံ**
အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌာဘုံတို့ ဖြစ်ပါသည်။
(သင်္ဂဟ၊ ၇၁) **(၃-မှတ်)**

**(ဂ)ကမ္မဇရုပ်(၁၈)ပါး သရုပ်**
ဟဒယရုပ် ၁-ခု၊ ဣန္ဒြိယရုပ် ၈-ခု၊ အဝိနိဗ္ဘောဂရုပ် ၈-ခု၊ အာကာသဓာတ် ၁-ခု ပေါင်း (၁၈)ခု ဖြစ်ပါသည်။ (သင်္ဂဟ၊ ၉၉) **(၄-မှတ်)**

၆။ **(မေး)** ၁၃၈၆-ခု တပေါင်းလကွယ်နေ့က လျှောင်လှုပ်ခတ်မှုကြောင့် စိတ်နှလုံးမသာယာမှု ဒေါမနဿ ဖြစ်ကြရာ ယင်းဒေါမနဿဖြစ်ကြောင်းတို့နှင့် ကာမာဝစရသောဘန ဉာဏသမ္ပယုတ်စိတ်ဖြစ်ကြောင်း တို့ကို ဖော်ပြပါ။

၆။ **(ဖြေ)** **ဒေါမနဿဖြစ်ကြောင်း**

၁။ အလုံးစုံသော အနိဋ္ဌာရုံ

၂။ အာဃာတဝတ္ထု ၉-ပါးတို့ ဖြစ်ပါသည်။ (ဋီကာကျော်၊ ၈၀) **(၂-မှတ်)**

**ဉာဏသမ္ပယုတ်စိတ်ဖြစ်ကြောင်း**

၁။ ပညာကို ဖြစ်စေတတ်သောကံ၊

၂။ ဒေါသဗျာပါဒမရှိသော ဖြူစင်ကြည်လင်သော ပဋိသန္ဓေနေရခြင်း၊

၃။ ပညိန္ဒြေ၏ ရင့်ကျက်ခြင်း၊

၄။ ကိလေသာတို့မှ ဝေးခြင်းတို့ ဖြစ်ပါသည်။ (ဋီကာကျော်၊ ၈၇) **(၈-မှတ်)**

## အစိုးရပါဠိပထမပြန်စာမေးပွဲ

## ၁၃၈၇–ခုနှစ်၊ (၂၀၂၅) ပထမငယ်တန်း။ ။မာတိကာနှင့် ဓာတုကထာ မေးခွန်းနှင့်အဖြေ

---

၁။ **(မေး)** အောက်ပါ (က) (ခ) (ဂ)တို့ကို မာတိကာနိဒါန်းလာသည့်အတိုင်း ဖြေဆို၍၊ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သောတရားကိုလည်း မှန်ကန်စွာ ကောက်ပြပါ။

(က) ဒါနပရမတ္ထပါရမီ။ (ခ) နာတိဝိတ္ထာရနာတိသင်္ခေပနယ။

(ဂ) အဘိဓမ္မာဒေသနာတော်မြတ်၏ ပကရဏပရိစ္ဆေဒ။

၁။ **(ဖြေ)** **(က) ဒါနပရမတ္ထပါရမီ**

ကိုယ်, အသက်ကို လှူခြင်းသည် ဒါနပရမတ္ထပါရမီ မည်၏။ (ကောက်၊ ၆) **(၂-မှတ်)**

**(ခ) နာတိဝိတ္ထာရနာတိသင်္ခေပနယ**

အရှင်သာရိပုတ္တရာသည် လင်းနို့သားဖြစ်ဖူးသော ငါးရာသောရဟန်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် မကျဉ်းမကျယ်လွန်းသောကြောင့် နာတိဝိတ္ထာရနာတိသင်္ခေပနယ မည်၏။ (ကောက်၊ ၈) **(၃-မှတ်)**

**(ဂ) အဘိဓမ္မာဒေသနာတော်မြတ်၏ ပကရဏပရိစ္ဆေဒ**

ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်း-ဟူ၍ (၇)ပါးဖြစ်ပါသည်။ (ကောက်၊ ၉) **(၃-မှတ်)**

**နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော တရား**

မဂ်စိတ် (၄)ခု၊ စေတသိက် ဆတ္တိံသ ဖြစ်ပါသည်။ (ကောက်၊ ၄၀) **(၂-မှတ်)**

၂။ **(မေး)** မဂ္ဂဟေတုကာ ဓမ္မာ-ဟူသော တိက်ပုဒ်ပါဠိတော်ကို ကျနစွာ အနက်ပေး၍၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော တရားကို အရကောက်ပြီးလျှင် ဓာတ်မျှ ဖွဲ့ပြပါ။

**(ဖြေ)** **မဂ္ဂဟေတုကာ ဓမ္မာ-ကို အနက်ပေးပုံ**

မဂ္ဂဟေတုကာ၊ မဂ်ဟုဆိုအပ်သော အကြောင်းရှိကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ **(၂-မှတ်)**
**(တစ်နည်းကား)** မဂ္ဂဟေတုကာ၊ မဂ်နှင့်ယှဉ်သော ဟိတ်ရှိကုန်သော။ (ဝါ) မဂ်၌ဖြစ်သော ဟိတ်ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။ **(၂-မှတ်)**
**(တစ်နည်းကား)** မဂ္ဂဟေတုကာ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဟုဆိုအပ်သော ဟိတ်ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။ (ကောက်၊ ၄၈) **(၂-မှတ်)**

**ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သောတရား**
အရဟတ္တဖိုလ်စိတ် (၁)ခု၊ စေတသိက် ဆတ္တိံသ ဖြစ်ပါသည်။ **(၂-မှတ်)**

**ဓာတ်ဖွဲ့ပုံကား**
အရဟတ္တဖိုလ်စိတ် (၁)ခုသည် မနောဝိညာဏဓာတ် မည်၏။
စေတသိက် ဆတ္တိံသသည် ဓမ္မဓာတ် မည်၏။
ဤသို့လျှင် ဓာတ်အားဖြင့် (၂)ပါး ဖြစ်ပါသည်။ (ကောက်၊ ၄၁) **(၂-မှတ်)**

၃။ **(မေး)** အောက်ပါ (က) (ခ)တို့ကို ဒုကမာတိကာနှင့်အညီ ကောက်ပြ၍၊ လောကိယာ ဓမ္မာ-ဟူသော ဒုကမာတိကာ ပါဠိတော်ကိုလည်း အနက်ပေးပြပါ။
(က) သံယောဇဉ်နှင့်ယှဉ်သောတရား။
(ခ) ဝဋ်တရား၌ အကျုံးမဝင်သောတရား။

၃။ **(ဖြေ)** **(က) သံယောဇဉ်နှင့် ယှဉ်သောတရား**
အကုသိုလ်စိတ် ဒွါဒသ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ ရ၏။
(ကောက်၊ ၄၂) **(၃-မှတ်)**

**(ခ) ဝဋ်တရား၌ အကျုံးမဝင်သောတရား**
လောကုတ္တရာစိတ် (၈)ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရ၏။ (ကောက်၊ ၁၂၄) **(၃-မှတ်)**

**လောကိယာ ဓမ္မာ-ကို အနက်ပေးပုံ**
လောကိယာ၊ ပျက်တတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲဟုဆိုအပ်သော သင်္ခါရလောက၌ အကျုံးဝင်သည်၏အဖြစ်ဖြင့် ပျက်တတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲဟုဆိုအပ်သော သင်္ခါရလောက၌ ယှဉ်ကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ (ကောက်၊ ၂၄) **(၄-မှတ်)**

၄။ **(မေး)** သင်္ဂဟော အသင်္ဂဟော-၌ သင်္ဂဟ(၄)မျိုးကို ထုတ်ပြကာ, ဤ၌ ယူရမည့် သင်္ဂဟကို ဖြေဆိုပြီးလျှင်၊ ဖဿသတ္တကရာသိကို သီးခြားထပ်ဟောတော်မူရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

၄။ **(ဖြေ)** **သင်္ဂဟ (၄)မျိုး**
ဇာတိသင်္ဂဟ။
သဉ္ဇာတိသင်္ဂဟ။
ကိရိယာသင်္ဂဟ။
ဂဏနသင်္ဂဟ-အားဖြင့် (၄)မျိုး ဖြစ်ပါသည်။ **(၄-မှတ်)**
ဤ၌ ဂဏနသင်္ဂဟ-ကို ယူရပါမည်။ (ကောက်၊ ၃၄၉) **(၂-မှတ်)**

**ဖဿသတ္တကရာသိ-ကို သီးခြားထပ်ဟောတော်မူရခြင်းအကြောင်း**
ဖဿ-စသည်မှာ အလုံးစုံသော စိတ္တုပ္ပါဒ်အား ဆက်ဆံသည်၊ အဓိမောက္ခသည် မိမိယှဉ်သော စိတ္တုပ္ပါဒ်အား ဆက်ဆံသည်။ ထို့ကြောင့် ဖဿသတ္တကရာသိကို သီးခြားထပ်၍ ဟောတော်မူပါသည်။ (ကောက်၊ ၃၅၁) **(၄-မှတ်)**

၅။ **(မေး)** အောက်ပါ (က) (ခ) (ဂ)တို့ကို ဓာတုကထာဥဒ္ဒေသနှင့်အညီ အရကောက်ပြ၍၊ နိရောဓသစ္စံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတန္တိ-ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာပါဠိကို လည်း ရေးသားပါ။
(က) ဘဝကြီး(၉)ပါးတို့တွင် အလယ်တည့်တည့်ဘဝ၊ (ခ) ပရိဒေဝ၊ (ဂ) ရုပ်ဇာတိ။

၅။ **(ဖြေ) (က) အလယ်တည့်တည့်ဘဝအရကား-**
ဇီဝိတနဝကကလာပ်ရုပ်သည် အသညာဘဝ မည်၏။ (ကောက်-၁၉၇) **(၃-မှတ်)**

**(ခ) ပရိဒေဝ-အရ**
ဆွေမျိုးတို့၏ ပျက်စီးခြင်းအစရှိသော အကြောင်းကြောင့် ငိုကြွေးမြည်တမ်းသော အခြင်းအရာအားဖြင့်ဖြစ်သော စိတ္တဇဝိပလ္လာသသဒ္ဒသည် ပရိဒေဝမည်၏။ (ကောက်-၁၉၈) **(၃-မှတ်)**
**(ဂ) ရုပ်ဇာတိ-**
နိပ္ဖန္နရုပ် အဇ္ဈာရသတို့၏ ဖြစ်ဆဲသည် ရုပ်၏ဇာတိ မည်၏။ (ကောက်-၁၉၇) **(၂-မှတ်)**
**ဝိဿဇ္ဇနာပါဠိ**
နိရောဓသစ္စံ န ကေဟိစိ ခန္ဓေဟိ၊ ဧကေနာယတနေန၊ ဧကာယ ဓာတုယာ သင်္ဂဟိတံ။
(ကောက်-၂၁၈) **(၂-မှတ်)**
**မှတ်ချက်= အရကောက်၌ ခန္ဓတော ၄ပေတွာ- ဟု ရှိသည်။**

၆။ **(မေး)** စတုတ္ထနယ၏ ဥဒါန်းစဉ်ဂါထာကို ပါဠိရေး၍၊ ဣတ္ထိန္ဒြိယေန ယေ ဓမ္မာ-၌ ယေ ဓမ္မာ-အရကို ဒုတိယနယ, တတိယနယ, ပဥ္စမနယတို့နှင့်အညီ ယေ-စွဲပြပါ။

**(ဖြေ) စတုတ္ထနယ၏ ဥဒါန်းစဉ်ဂါထာ-**
ဒွေ သစ္စာ ပန္နရသိန္ဒြိယာ၊ ဧကာဒသ ပဋိစ္စပဒါ။
ဥဒ္ဒံ ပုန ဧကာဒသ၊ ဂေါစ္ဆကပဒမေတ္ထ တိံသဝိဓာ။ (ကောက်-၂၄၈) **(၄-မှတ်)**

**ဒုတိယနယ-အလို**
ဣတ္ထိန္ဒြိယေန၊ ဣတ္ထိန္ဒြေသည်။ ယေ ဓမ္မာ၊ အကြင်ဩဠာရိကရုပ် ဒွါဒသတို့ကို။
(ကောက်-၂၃၇) **(၂-မှတ်)**
**တတိယနယ-အလို**
ဣတ္ထိန္ဒြိယေန၊ ဣတ္ထိန္ဒြေသည်။ ယေ ဓမ္မာ၊ အကြင်ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်တို့ကို။
(ကောက်-၂၄၅) **(၂-မှတ်)**
**ပဥ္စမနယ-အလို**
ဣတ္ထိန္ဒြိယေန၊ ဣတ္ထိန္ဒြေသည်။ ယေ ဓမ္မာ၊ အကြင်စိတ် ၈၉ပါးတို့ကို။(ကောက်-၂၅၇) **(၂-မှတ်)**

**အောက်ဖော်ပြပါ ပါဠိဝါကျများကို မြန်မာဘာသာ ပြန်ဆိုပြပါ။**

၁။ **(မေး)** အထေကော ဗကော တေ မစ္ဆေ ဒိသွာ “ဇကေန ဥပါယေန ဣမေ မစ္ဆေ ဝဉ္စေတွာ ခါဒိဿာမီ”တိ ဥဒကပရိယန္တေ စိန္တေန္တော နိသီဒိ။

၁။ **(ဖြေ)** ထိုအခါ တစ်ကောင်သော ဗျိုင်းသည် ထိုငါးတို့ကို မြင်၍ “တစ်ခုသောနည်းလမ်းဖြင့် ဤငါးတို့ကို လှည့်စား၍ စားအံ့”ဟု ရေစပ်နား၌ ကြံမှိုင်လျက် နားနေပြီ။ (၄-၂၅) **(၁၀-မှတ်)**

၂။ **(မေး)** နတ္ထိ စိတ္တေ ပသန္နမှိ၊ အပ္ပကာ နာမ ဒက္ခိဏာ။
တထာဂတေ ဝါ သမ္ဗုဒ္ဓေ၊ အထ ဝါ တဿ သာဝကေ။

၂။ **(ဖြေ)** စိတ်သည် ကြည်လင်သည်ရှိသော် တရားအားလုံးကို သိမြင်တော်မူသော မြတ်စွာဘုရားရှင်၌လည်းကောင်း ထိုမှတပါး ထိုဘုရားရှင်၏ တပည့်သာဝကၥ်လည်းကောင်း လှူအပ်သော လှူဖွယ်သည် နည်းသည်မည်သည် မရှိ။ (၄-၃၂) **(၁၀-မှတ်)**

**အောက်ပါ မြန်မာဝါကျတို့ကို ပါဠိဘာသာ ပြန်ဆိုပြပါ။**

၃။ **(မေး)** ထိုလောသကတိဿ၏ ပဋိသန္ဓေယူသောနေ့၌ ထိုတံငါသည်အမျိုးတစ်ထောင်သည် လက်၌ပိုက်ကွန်ရှိလျက် မြစ်၌လည်းကောင်း တဖက်ဆည်ကန်တို့၌လည်းကောင်း ငါးတို့ကို ရှာဖွေဖမ်းဆီးသည်ရှိသော် တစ်ကောင်သော ငါးမျှကိုလည်း မရပြီ။

၃။ **(ဖြေ)** တဿ ပဋိသန္ဓိဂ္ဂဟဏဒိဝသေ တံ ကုလသဟဿံ ဇာလဟတ္ထံ နဒိယဉ္စ တဠာကာဒီသု စ မစ္ဆေ ပရိယေသန္တံ ဧကံ မစ္ဆမ္ပိ နာလတ္ထ။ (၄-၃၉) **(၁၀-မှတ်)**

၄။ **(မေး)** “မြွေနှင့်အတူ အကျွမ်းဝင်ခြင်းမည်သည် မရှိသင့်၊ ဤသို့ မမွေးမြူပါလင့်”ဟု ပြောပြီ၊ “အိုဆရာ ထိုမြွေငယ်သည် အကျွန်ုပ်၏ သားပါတည်း၊ အကျွန်ုပ်သည် ထိုမြွေငယ်နှင့် ကင်း၍ဖြစ်ခြင်းငှါ မစွမ်းနိုင်ပါ”ဟု လျှောက်ပြီ။

၄။ **(ဖြေ)** “အာသိဝိသေန သဒ္ဓိံ ဝိဿာသော နာမ နတ္ထိ၊ မာ ဧဝံ ဇဂ္ဂါဟီ”တိ အာဟ။ ‘သော မေ အာစရိယ ပုတ္တော၊ နာဟံ တေန ဝိနာ ဝတ္တိတုံ သက္ခိဿာမီ’တိ။ (၄-၅၀) **(၁၀-မှတ်)**

၅။ **(မေး)** “သစ္စာ,ပညာ စာဂါ,လုံ့လ ဤလေးဝနှင့် ပြည့်ထသူမှာ လွန်ချမ်းသာ၏”ဟူသော စကားကို ထင်ရှားစေလျက် အာသီသဝဂ် ဝါနရိန္ဒဇာတ် အတိတ်ဖြစ်ရပ်ကို ဇာတ်လမ်းဇာတ်ကွက် မပျက်စေဘဲ အကျဉ်းချုပ် ရေးပါ။

၅။ **(ဖြေ) အာသီသဝဂ်၊ ဝါနရိန္ဒဇာတ်၊ အတိတ်ဝတ္ထု**

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် မျောက်မျိုး၌ ဖြစ်၍ မြစ်ကမ်းနားတစ်ခုတွင် နေ၏။ အစာစားချိန်၌ မြစ်လယ်မှ ကျွန်းတစ်ကျွန်းသို့ ကျောက်ဖျာမှ တဆင့် ခုန်ကူးကာ ကျွန်းပေါ်ရှိ သရက်, ပိန္နဲ-အစရှိသော သစ်သီးတို့ကို စားသုံး၏။ ထိုမြစ်ထဲတွင် မိကျောင်းမောင်နှံ နှစ်ကောင်ရှိ၏။ မိကျောင်းမသည် မျောက်မင်း၏ နှလုံးသားကို စားလိုစိတ် ချင်ခြင်းဖြစ်သဖြင့် မိကျောင်းဖိုသည် မျောက်မင်းကို ဖမ်းရန် ကျောက်ဖျာပေါ်၌ ဝပ်နေလေ၏။

ညနေချမ်းတွင် မျောက်မင်းသည် ကျွန်းမှပြန်ရန် ကျောက်ဖျာကို ကြည့်ရာ ခါတိုင်းထက်ပို၍ မြင့်နေသည်ဟု ထင်မိ၏။ ထို့ကြောင့် မျောက်မင်းသည် ကျွန်းပေါ်မှနေ၍ ကျောက်ဖျာနှင့် စကား ပြောဟန်ပြုရာ မိကျောင်းက ကျောက်ဖျာဟန်ဆောင်၍ ပြန်ထူး၏။ ဤတွင် မိကျောင်း၏ အကြံကို သိ၍မျောက်မင်းက "အဆွေမိကျောင်း ငါသည် ငါ့ခန္ဓာကိုယ်ကို သင့်အား ပေးလှူပါမည်။ ခံတွင်း ကို ဖွင့်ဟထားပါလော့" ဟု ပြောဆို၏။ မိကျောင်းမည်သည် ခံတွင်းကို ဖွင့်ဟထားလျှင် မျက်လုံး သည် ပိတ်သွားလေ့ရှိ၏။

မိကျောင်းက ခံတွင်းကို ဖွင့်ဟရာ မျောက်မင်းသည် မိကျောင်း၏ ဦးခေါင်းကို နင်း၍ မြစ်၏ တဘက်ကမ်းသို့ ခုန်ထွက်သွားလေ၏။ မိကျောင်းသည် လွန်စွာအံ့ဩကာ "အို မျောက်မင်း! ဤလောက၌ သစ္စာ, ပညာ, စာဂ, လုံ့လ ဤလေးဝနှင့် ပြည့်ထသူမှာ လွန်ချမ်းသာ၏။ ဤတရား လေးပါးလုံးသည် အသင်မျောက်မင်း အထံ၌ ရှိပါပေသည်"ဟု ပြောဆို၍ မိမိနေရာသို့ ပြန်သွား လေ၏။ ဇာတ်ပေါင်းသော်- မိကျောင်းသည် ဒေဝဒတ်၊ မျောက်မင်းသည် ဘုရားဖြစ်လာ၏။

(၄-ပ-၈၃) **(၁၀-မှတ်)**

**မှတ်ချက်။ တိုက်ရိုက်မတူသော်လည်း ဇာတ်တော်သဘောသက်ဝင်က သင့်လျော်အောင် အမှတ်ပေးရန်။**

၆။ **(မေး)** အောက်ပါဇာတ်ဝတ္ထုတို့မှ ရရှိနိုင်သော သင်ခန်းစာများကို ရေးသားခဲ့ပါ။

(က) အတ္ထကာမဝဂ် ဝေဠုကဇာတ်။

(ခ) အတ္ထကာမဝဂ် ဝေဒဗ္ဗဇာတ်။

၆။ **(ဖြေ) (က) ဝေဠုကဇာတ် သင်ခန်းစာ**

၁။ ပညာရှိသူတော်ကောင်းတို့၏ ဆိုဆုံးမစကားတို့ကို နာခံလိုက်နာ၍ ကျင့်ကြံနေထိုင်ခြင်းသည် မိမိဘဝအတွက် ကြီးပွားချမ်းသာကြောင်းနည်းလမ်းအမှန် ဖြစ်ပုံကိုလည်းကောင်း၊

၂။ မိမိဘဝအတွက် ကောင်းကျိုးလိုလား ဆိုဆုံးမစကားများကို နာခံလိုက်နာခြင်းသည် မြတ်စွာ ဘုရား မဂ်လာတရားတော်နှင့် လျော်ညီစွာ နေထိုင်ခြင်းမည်ပုံကိုလည်းကောင်း၊

၃။ ပညာရှိသူတော်ကောင်းတို့ထံ ဩဝါဒခံ၍ အမှုကြီးငယ်တို့ကို ဆုံးဖြတ်နာယူ အကြံယူသင့်ပုံကို လည်းကောင်း-စသော သင်ခန်းစာများကို ရရှိပါသည်။ (၄-၄၉) **(၅-မှတ်)**


**(ခ) ဝေဒဗ္ဗဇာတ် သင်ခန်းစာ**

၁။ မိမိတတ်မြောက်ထားသော ပညာရပ်ကို ကာလဒေသ အခြေအနေ အချိန်အခါကို ကြည့်၍ အသုံးချကာ ဆောင်ရွက်သင့်ပုံကိုလည်းကောင်း၊

၂။ မိမိတတ်မြောက်ထားသော ပညာရပ်ကို ကြောင်းကျိုးဆင်ခြင်၍ လူသားအကျိုးပြုလုပ်ငန်းများ၌ သာအသုံးချ ဆောင်ရွက်သင့်ပုံကိုလည်းကောင်း၊

၃။ မိမိအတွက် ကောင်းကျိုးလိုလား၍ ဆိုဆုံးမလာလျှင် မျိုးရိုးဇာတ်, အလုပ်အကိုင်ကို မကြည့်ဘဲ ဆုံးမစကားကို လိုက်နာကာ ဆောင်ရွက်သင့်ပုံကိုလည်းကောင်း-စသော သင်ခန်းစာများကို ရရှိ ပါသည်။ (၄-၅၇) **(၅-မှတ်)**

**မှတ်ချက်။ ဇာတ်တော်သဘောသက်ဝင်သော သင်ခန်းစာဖြစ်လျှင်သင့်လျော်အောင် အမှတ်ပေးရန်။**


သူကောင်းတစ်ယောက် ကြီးမှူးမြှောက်က
ထွန်းတောက်ပြည်ရွာ စည်ပင်သာ၏။
သူယုတ်တစ်ယောက် ကြီးမှူးရောက်က
မျက်မှောက်ပျက်စီး ဒုက္ခမီးတည်း။
📖✍ လောကသာရပျို့ ✍📖
S.L.V.S.L.K.R(Y.S.O)